**ကုန်းတွင်းဆိပ်ကမ်း ရွာသာကြီး (Dry Port) ရှိ KM Logistics Bonded Warehouse အတွင်း ထည့်သွင်းထားရှိသည့် လျှပ်စစ်သုံးယာဉ် (၂) စီး အားစစ်ဆေးထုတ်ပေးခဲ့**

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ခွင့်ပြုချက်ဖြင့် ၃၁-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း KM Logistics Bonded Warehouse အတွင်း Myanmar Great Motor Co.,Ltd မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၁-၂၀၂၃ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် OVSIL 22223078842 ဖြင့် တင်သွင်းလာသည့် Brand New Electric Vehicle Delivery Van Karry Dolphin (၂) စီးအား Into-Bond Declaration No 10232583650 (31.1.2023) ဖြင့် တင်သွင်းလာပါသည်။

၁၀-၂-၂၀၂၃ ရက်နေ့တွင် KM Logistics Bonded Warehouse အတွင်း အကောက်ခွန် ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များဖြင့် လျှပ်စစ်သုံးယာဉ်များအတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ နှင့် သွင်းကုန်လိုင်စင်ပါ ခွင့်ပြုချက်များ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ ၂၀-၂-၂၀၂၃ ရက်နေ့တွင် Ex-Bond Declaration No 100284150110 (16.2.2023)ဖြင့် ကျသင့် အခွန်အခများပေးဆောင်ပြီးဖြစ်ပါသဖြင့် ကာကွယ်ရေးဌာနခွဲနှင့်ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေး ဌာနခွဲမှစစ်ဆေးရေးအဖွဲ့များဖြင့် ပြန်လည်စိစစ်ထုတ်ပေးခဲ့ပြီး အဆိုပါတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားကြောင်းသိရှိရပါသည်။

**ကုန်းတွင်းဆိပ်ကမ်း ရွာသာကြီး (Dry Port) ရှိ KM Logistics Bonded Warehouse အတွင်း ထည့်သွင်းထားရှိသည့် လျှပ်စစ်သုံးယာဉ် Brand New Electric Vehicle Delivery Van Karry Dolphin (၂)စီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးနေပုံ**






**ကုန်းတွင်းဆိပ်ကမ်း ရွာသာကြီး (Dry Port) ရှိ KM Logistics Bonded Warehouse အတွင်း ထည့်သွင်းထားရှိသည့် ကျသင့်အခွန်အခများ ပေးဆောင်ပြီးသော လျှပ်စစ်သုံးယာဉ် Brand New Electric Vehicle Delivery Van Karry Dolphin (၂)စီးအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ ပြန်လည်စစ်ဆေးနေပုံ**




